**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

မေလ ၂၂ ရက်၊ ၂၀၂၄ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ မေလ ၆ – ၁၉ ရက်နေ့ထိ၊၂၀၂၄ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – မေလ ၅ ရက်၊ ၂၀၂၄ | မေလ ၆ – ၁၉ ရက်၊ ၂၀၂၄ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၅၃၆ | ၃ | ၅၃၉ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၃ | ၁ | ၃၇၄ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၆၂၅ | ၂ | ၆၂၇ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၄၈၃ | ၂ | ၁၄၈၅ |
| | ဒီးမော့ဆိုမြို့နယ် | ၆၄၅ | | ၆၄၅ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၅၀၃ | | ၅၀၃ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၃၈ | | ၁၃၈ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ မေလ ၅ ရက်နေ့ အထိ ၂၀၂၄ | IDPs အသစ်  မေလ ၆-၁၉ရက်၊ ၂၀၂၄ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |



စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ မေလ၆ရက်မှ မေလ၁၉ရက်နေ့ထိ၂၀၂၄ ခုနှစ်
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
N
W
E
S
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ဒီးမော့ဆို
ရှားတော
မြန်မာနိုင်ငံ
ကရင်နီပြည်နယ်
ဖရူဆို
ဘောလခဲ
ရွာသစ်
ထိုင်းနိုင်ငံ
ဖါးဆောင်း
မော်ချီး
မယ်စဲ့
ကရင်ပြည်နယ်
ဘီပီ - ၉
# ၁
ဘီပီ - ၁၀
ဘီပီ - ၁၁
# ၂
ဘီပီ - ၁၂
ဘီပီ - ၁၃
ဘီပီ - ၁၄
ဘီပီ - ၁၅
ဘီပီ - ၁၆
အညွှန်း
မြို့နယ်
လက်နက်ကြီးဖြစ် ပစ်ခပ်မှု
KA + KNDF + KNPLF + LPDF နှင့် စကစ တိုက်ပွဲနေရာများ
သိမ်းပိုက်ခြင်းခံ (သို့) ဆုတ်ခွာသွား သောတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့် စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers

စကစ ရဟတ်ယာဉ်ပစ်ချခံရအပြီး လေကြောင်းတိုက်ခိုက်မှုမရှိသော်လည်း အရပ်သားများရှိရာသို့ လက်နက်ကြီးများဖြင့် ဆက်လက်ပစ်ခတ်မှုရှိနေ

လွန်ခဲ့သောနှစ်ပတ်အတွင်း ကရင်နီတော်လှန်ရေးတပ်များမှ စစ်ကောင်စီ ရဟတ်ယာဉ်တစ်စီးအား မေလ ၆ ရက်နေ့တွင် ပစ်ချခံရအပြီး လေကြောင်းဖြင့် တိုက်ခိုက်ခြင်းများမရှိပေ။ သို့သော်လည်း စစ်ကောင်စီတပ်များမှ အရပ်သားများရှိသောနေရာသို့ လက်နက်ကြီးများပစ်ခတ်နေမှုများ ရှိနေသည့်အတွက် ဒီးမော့ဆိုမြို့နယ်တွင် အရပ်သား နှစ်ဦးထိမှန်သေဆုံးသွားခဲ့သည့်အပြင် လွိုင်ကော်မြို့နယ်တွင်လည်း နေအိမ် နှစ်လုံး ထိမှန်ပျက်စီး သွားခဲ့သည်။ စစ်ကောင်စီတပ်များသည် ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မှနေ၍ အင်အား ၇၀၀ ဝန်းကျင်ဖြင့် ကရင်နီပြည်နယ်အတွင်းသို့ စစ်အင်အားဖြည့်တင်းလာခဲ့သည်။ စစ်အင်အားဖြည့်တင်းလာသော စစ်ကောင်စီ တပ်မှ တပ်မှ ၅၅၊ ခမရ ၅၀၂၊ ခလရ ၉၂ နှင့် PNO တို့သည် ကရင်နီပြည်နယ် လွိုင်ကော်မြို့နယ် အတွင်းသို့ မေလ ၁၀ ရက်နေ့ကတည်းက အချို့ရောက်ရှိနေကြပြီး လွိုင်ကော်မြို့သို့ ခြေလျှင်ဖြင့် စစ်ကြောင်းတိုးလာသည်။

မေလ ၆ ရက်၊ ဖားဆောင်းမြို့တိုက်ပွဲတွင် ထိခိုက်ဒဏ်ရာရရှိသော စစ်ကောင်စီတပ်သားများအား သယ်ယူရန် လာသော စစ်ကောင်စီရဟတ်ယာဉ်နှစ်စီးကို ကရင်နီပူးပေါင်းတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် စစ်ရဟတ်ယာဉ် တစ်စီး ထိမှန်ကာ ဘောလခဲမြို့နယ်တွင် ပျက်ကျသွားပြီး ယာဉ်မောင်းနှစ်ဦး အပြင် ရဟတ်ယာဉ်တွင်ပါလာသော စစ်ကောင်စီ ၁၁ ဦးမှ ၈ ဦး သေဆုံးသွားခဲ့သည်။

မေလ ၈ ရက်၊ နေ့လည် ၁၂ နာရီအချိန် ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်တွင် ငါးဖမ်းနေသော အရပ်သား များအား စစ်ကောင်စီတပ်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသားနှစ်ဦး ထိမှန်သေဆုံး သွားခဲ့သည်။

မေလ ၁၁ ရက်၊ နေ့လည် ၁၁ နာရီ၊ ဒီးမော့ဆိုမြို့နယ် ဒေါလေးခူကျေးရွာတွင် ဟင်းရာထွက်သော အမျိုးသမီးနှစ်ဦး စစ်ကောင်စီထောင်ထားခဲ့သော မြေမြှုပ်မိုင်းနင်းမိကာ တစ်ဦးသည် ခြေထောက်ပြတ်၊ လက်ချောင်းများပြတ်ထွက်၍သေဆုံးပြီး ကျန်တစ်ဦးမှာ မျက်နှာတွင် ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။

မေလ ၁၃ ရက်၊ နံနက် ၁၀ နာရီအချိန်တွင် ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ဖားဆောဆာင်းမြို့တွင်ရှိသော စစ်ကောင်စီတပ် ခလရ ၁၃၅ ၏ ကာကင်းစခန်းတစ်အား တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး လက်နက်ခဲယမ်းအချို့ သိမ်းဆည်းရမိခဲ့သည်။ ထိုတရက်တည်းအတွင်း နေ့လည် ၁၁ နာရီအချိန် လွိုင်ကော်မြို့ပေါ် မင်းစုရပ်ကွက်တွင် နေအိမ်သန့်ရှင်းရေး ပြန်လည်လုပ်နေသော အသက် ၃၀ အရွယ်ရှိ အမျိုးသမီးတစ်ဦး စစ်ကောင်စီ ထောင်ထားသော မြေမြှုပ်မိုင်းနင်းမိပြီး ညာဘက်ခြေထောက်ပြတ်သွားခဲ့သည်။


စကစ ရဟတ်ယာဉ်အား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ပစ်ချ၊ ဘောလခဲမြို့နယ်


လင်ဖိုကြီးကျေးရွာ စကစ လက်နက်ကြီးပစ်ခတ်မှုကြောင့် နေအိမ်ပျက်စီး၊ လွိုင်ကော်မြို့နယ်

မေလ ၁၄ ရက်၊ လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအနီးတွင်ရှိသော ခလရ ၂၆၁ တပ်ရင်း အင်အား ၆၀ မှ ၁၀၀ အကြားမှ စစ်ကောင်စီတပ်သည် ထေးပလော်ခူကျေးရွာနှင့် လင်ဖိုလေးကျေးရွာအကြားသို့ စစ်ကြောင်း ထိုးလာသည်။ စစ်ကြောင်းထိုးလာသည့် အတွက် ပြည်သူများ သတိထားနေထိုင်ကြရန် ကရင်နီပူးပေါင်းဖွဲ့မှ သတိပေး ကြေညာခဲ့သည်။

မေလ ၁၅ ရက်၊ လွိုင်ကော်မြို့နယ်၊ လင်ဖိုကြီးကျေးရွာအား စစ်ကောင်စီတပ်မှ လက်နက်ဖြင့် ပစ်ခတ်၍ နေအိမ် နှစ်လုံး ထိမှန်ပျက်စီးသွားခဲ့သည်။

မေလ ၁၉ ရက်၊ ည ၉ နာရီအချိန်တွင် ညောင်ကုန်းရပ်ကွက်၊ ဖယ်ခုံမြို့နယ်မှ တောင်ကြီးမြို့သို့ သွားရောက် နေထိုင်သော ကရင်နီစစ်ဘေးရှောင် ပြောင်းကုန်သည် ဦးမောင်လေးအား စစ်ကောင်စီတပ်များမှ ဝင်ရောက် စီးနင်းကာ ဖမ်းဆီးသွားခဲ့သည်။

**ontact persons:**
Khu Ko Reh Tel: +66 65 329 7814

Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com